ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (18-4-2012) (၇၀၉၄)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဒုတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အမှူးပြုသော ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဒုတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဒုတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့(မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါမြို့နယ် ရွှေကြာပင်ရပ်ကွက် အောင်ရတနာကျောင်းတိုက်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလှူတော်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ဇမ္ဗူသီရိမြို့နယ်မှ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ပရိသတ်များက ဆရာတော် သံဃာတော်များ ရွတ်ပွား ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က စျေးကုန်းကျောင်းတိုက် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြပြီး အလှူတော်မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် 　　 ၁၈-၄-၂၀၁၂[ဗုဒ္ဓဟူးနေ့]။

ကောင်းမှုအထူး နှစ်သစ်ကူး

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ကို ကိုးကွယ်ဆည်းကပ်ရိုသေလေးမြတ်ပြုသူတို့သည် သစ္စာလေးပါးမြတ်တရားကို ကောင်းစွာပညာဖြင့် ထောက်ချင့်ရှုမြင်တတ်၏။

ဤရတနာသုံးပါးသည် "စင်စစ်ဘေးရန်ခပ်သိမ်းကင်းငြိမ်းနိုင်သော ကိုးကွယ်ရာအစစ်ဖြစ်၏။ အမှန်တကယ်မြင့်မြတ်သော ကိုးကွယ်ဆည်းကပ်ရာဖြစ်၏။ ဤကိုးကွယ်ရာကို စွဲမှတ်၍ ခပ်သိမ်းသောဆင်းရဲအပေါင်းမှ လွတ်မြောက်စေရ၏" ဟူ၍ မြတ်ဗုဒ္ဓက ဟောဖော်ညွှန်ပြထားသည်။

ဒါန၊ သီလစသည့် ကုသိုလ်ကောင်းမှုအစုစုကို အဖန်ဖန်အထပ်ထပ် ပြုလုပ်ခြင်း၊ ထိုကောင်းမှုကုသိုလ်ပြုခြင်း၌ နှစ်သက်ဆန္ဒရှိခြင်း၊ ကောင်းမှုကုသိုလ်တို့ကို ဆည်းပူးပွားများခြင်းတို့သည် ပစ္စုပ္ပန် သံသရာနှစ်ဖြာသော လမ်းကောင်း ချမ်းသာခြင်း အကြောင်းဖြစ်၏။ ဒါနရှိသော ပုဂ္ဂိုလ်တို့သည် လောကအလယ်တွင် စည်းစိမ်ဥစ္စာ၊ ခြွေရံသင်းပင်း၊ အရှိန်အဝါဩဇာတို့နှင့် ပြည့်စုံမည်ဖြစ်၏။ သီလရှိသူတို့၏ ဂုဏ်သတင်းသည်ကား နတ်ပြည်ဗြဟ္မာပြည်သို့တိုင်အောင် ဂုဏ်သတင်းမွှေးပျံ့သင်းကြိုင်ကာ ထူးကဲမွန်မြတ်လှပေ၏။

ထို့အပြင် ကောင်းမြတ်သော တရားတော်တည်းဟူသော အမြိုက်ရေအေးကို သောက်ရသောသူသည် ကြည်လင်သောစိတ်နှင့် အေးမြချမ်းသာစွာ နေရ၏။ သူတော်ကောင်းတရား နာကြားသောသူတို့သည် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ ဟောကြားအပ်သောတရားဒေသနာတို့ကို နာကြားရသည်ဖြစ်၍ မျက်မှောက်ဘဝတွင် နှလုံးစိတ်ဝမ်းချမ်းမြေ့ခြင်းကို ရကြရုံမျှမက နောင်တမလွန်တွင်လည်း ကောင်းသောကုသိုလ်ထူးကို ရရှိကြမည်ဖြစ်သည်။

သို့ဖြစ်၍ နှစ်သစ်ကူး နှစ်ဦးကာလတွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဖော်ပြပါကောင်းမှုအစုစုဖြစ်သည့် ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များ ကပ်လှူခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်များကို နာကြားခြင်း၊ ဘာဝနာတရားများ ပွားများခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဘိုးဘွားမိဘဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်းစသည့် မွန်မြတ်သန့်စင်သောကောင်းမှုဒါနကုသိုလ်အစုစုတို့ကို ပြုလုပ်ကြခြင်းဖြင့် ပစ္စုပ္ပန် သံသရာနှစ်ဖြာလမ်းကောင်း ချမ်းသာခြင်း အကျိုးထူးများကို ရရှိကြမည်မှာ မလွဲဧကန်အမှန်ပင် ဖြစ်ပေသည်။

သာသနာရေးဝန်ကြီးဌာန သတ္တမအကြိမ်မြောက် အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၇

သာသနာရေးဝန်ကြီးဌာန၏ သတ္တမအကြိမ်မြောက် အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာနဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ**(အပေါ်ပုံ)** သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အပူဇော်ခံသက်ကြီးဘိုးဘွားများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလာဗုဒ္ဓိထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တသုတ်နှင့် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ဝန်ထမ်းမိသားစုများက နေပြည်တော် ကောင်စီနယ်မြေအတွင်းမှ ဘိုးဘွား ၂၅ ဦးနှင့် ဝန်ထမ်းမိသားစုများမှ ဘိုးဘွား ၁၄ ဦး စုစုပေါင်း ၇၅ နှစ်အထက် ဘိုးဘွား ၃၉ ဦးအား ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ယင်းနောက် အပူဇော်ခံဘိုးဘွားများကိုယ်စား အဘိုးဦးမောင်မောင်သန်းက ဆုတောင်းမေတ္တာပို့၍ ဆုပေးစကား ပြောကြားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၁၀ တရားတော်
၇း၁၅ ဓမ္မပူဇာတေး
၇း၂၅ မြန်မာ့ရှုခင်း
၈း၁၅ ဇာတ်လမ်းတို
၅း၃၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၆၁)**
၆း၁၀ အမျိုးသားရေးတေးကဗျာ
၆း၁၅ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၄၂)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သူရဲကောင်းလေးကျွန်မချစ်သူ (အပိုင်း-၁၃)**
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်" (အပိုင်း-၁၃)
-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၇ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၂. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၇၉၅၀	၀. ၀၃၂၄၇
တရုတ် (ယွမ်)	၆. ၂၉၃၉၀	၀. ၁၅၈၈၈
အိန္ဒိယ (ရူပီး)	၅၁. ၄၆၀၈	၀. ၀၁၉၄၃
မလေးရှား (ရင်းဂစ်)	၃. ၀၆၈၀၀	၀. ၃၂၅၉၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၈၇၃	၀. ၈၀၀၈၁
ဂျပန် (ယန်း)	၈၀. ၇၃၆၉	၀. ၀၁၂၃၉
တောင်ကိုရီးယား(ဝမ်)	၁၁၃၆. ၂၀	၀. ၀၀၀၈၈
ယူရို	၀. ၇၆၁၃၁	၁. ၃၁၃၅၂
ဗြိတိသျှ (ပေါင်)	၀. ၆၂၇၁၉	၁. ၅၉၄၄၂

အင်တာနက်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်တွင် ဝန်ထမ်းများ အန္တရာယ်ကင်းပရိတ်တရားတော်များ ကုသိုလ်ပွားများ နာယူကြစဉ်။ (ကြေးမုံ)

သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ နေပြည်တော် သတင်းစာတိုက်များတွင် ရွတ်ဖတ်ပူဇော်

နေပြည်တော် မေ ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသတင်းစာတိုက်များနှင့် ဝန်ထမ်းအိမ်ရာများတွင် မြန်မာနှစ်ဆန်း ၁ ရက်ညနေပိုင်းက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲများကျင်းပရာ ဝဲကြီးကျေးရွာပရိယတ္တိစာသင်ကျောင်းတိုက်မှ သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး သတင်းစာတိုက်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက စုပေါင်းနာယူကာ ကုသိုလ်ပွားများခဲ့ကြသည်။ (ကြေးမုံ)

မုဒုံမြို့နယ် တံခွန်တိုင်ကျေးရွာ လူငယ်မောင်မယ်များ စုပေါင်း၍ သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

မွန်ပြည်နယ် မုဒုံမြို့နယ် တံခွန်တိုင်ကျေးရွာ လူငယ်မောင်မယ်များ စုပေါင်းကျင်းပသည့် (၃၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ကျေးရွာရှိ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ကျင်းပရာ အသက်(၈၀)နှင့်အထက် ဘိုးဘွား ၇၇ ဦးတို့အား လှူဖွယ်ပစ္စည်းများ၊ တိုင်းရင်းဆေးများဖြင့် လှူဒါန်းပူဇော်ကန်တော့ကြပြီး ညနေပိုင်းတွင် ကျေးရွာရှိ ကိုးနဝင်းစေတီနှင့် အရန်စေတီ ခြောက်ဆူ၊ ဗုဒ္ဓဆင်းတုတော် ကိုးဆူတို့အား ရောင်တော်ဖွင့်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ဆီမီးထွန်းညှိခြင်းစသည့် နှစ်သစ်မင်္ဂလာ ကုသိုလ်ကောင်းမှုပြုကြကြောင်း သိရှိရသည်။(သတင်းစဉ်)

မေ ၁၆ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာကေတမြို့နယ် ရောဝဏ်လမ်းရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် ကပြဖျော်ဖြေခဲ့သောယိမ်းအဖွဲ့အား ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (ကြေးမုံ)

စမ်းချောင်း ရှင်စောပုရပ်ကွက် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် သာရေးနာရေးအသင်းမှ ကြီးမှူးကျင်းပသည့် ဒသမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရှင်စောပုဘုရားလမ်း ရှင်စောပုဓမ္မာရုံ၌ မေ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

သက်ကြီးပူဇော်ပွဲ၌ ရပ်ကွက်အတွင်းရှိ အသက် (၇၅)နှစ်အထက် သက်ကြီးဘိုးဘွား ၈၅ ဦးအား ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ဂါရဝပြုပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရှင်စောပုရပ်ကွက်နေ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား ရပ်ကွက် သာရေးနာရေးအသင်း နာယက ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်တင့်နှင့် ရပ်ကွက်သာရေးနာရေးအသင်းအဖွဲ့ဝင်များက ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (၆၈၁)

အင်းတော်မြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

နေပြည်တော် မေ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့၌ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အင်းတော်မြို့နယ် ဓနမေတ္တာသမဝါယမအသင်း လီမိတက်ရုံးရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်က အမှာစကားပြောကြားပြီး အသက်(၈၀)နှင့်အထက် အဘိုးအဘွားများအား ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့ပေါ်လေးရပ်ကွက်မှ အသက်(၈၀)နှင့်အထက် အဘိုး အဘွား ၉၀ ကျော်အား ကန်တော့ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၁ ဒသမ ၀၆ လက်မနှင့် ပူတာအိုမြို့တွင် သုည ဒသမ ၅၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

❖**ရှေ့ဖုံးမှ**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က အလှူတော်မင်္ဂလာ အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

သာသနာ့ဘောင်သွတ်သွင်း

အဆိုပါ စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သပြေကုန်းရပ်ကွက်၊ ရွှေကြာပင်ရပ်ကွက်၊ အလျင်လို၊ ပြန်ကပြေး၊ တဲကြီးကုန်း၊ ဂုဏ်မင်းအင်း၊ ရှားတော၊ လက်ပံခါးလှ၊ အောင်ချမ်းသာ၊ တောက်ထိန်၊ ညောင်ပင်ဝိုင်းနှင့် ပြန်ကပြေးလေးစသည့် ကျေးရွာများနှင့် ပုဗ္ဗသီရိမြို့နယ် ဆိတ်နံတုန်းကျေးရွာတို့မှ ရဟန်းအပါး ၂၀ နှင့် ရှင်သာမဏေအပါး ၁၀၀ စုစုပေါင်းအပါး ၁၂၀ တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆရာကြီးသခင်ကိုယ်တော်မှိုင်းစာကြည့်တိုက် ဆောက်လုပ်ရန် အလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ဝါးလည်ကျေးရွာ၌ ဆောက်လုပ်မည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း "ဆရာလွန်း" စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် အလှူငွေ

များ ပေးအပ်လှူဒါန်းလျက်ရှိရာ ကွယ်လွန်သူ မယ်တော်ကြီး ဒေါ်တင်လှအား ရည်စူး၍ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လက အလှူငွေကျပ် ၁၅ သိန်းနှင့် မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်အေးအေးသန်း (ဝင်းမင်းအေး ရွှေဆိုင်၊ ရတနာသိင်္ဂီဈေး)က အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံသည်။**(ဝဲပုံ)**

အဆိုပါစာကြည့်တိုက်ကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း(ဆရာလွန်း)အား ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏ မွေးရပ်ဇာတိ ရွှေတောင်မြို့နယ် ဝါးလည်ကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀ ဆောက်လုပ်သွားမည်ဖြစ်ပြီး အဆိုပါစာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင် ၀၉-၅၁၂၄၅၂၂၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ ၀၉-၈၆၃၂၅၇၃၊ အတွင်းရေးမှူး ၀၁-၃၇၁၃၄၂/၀၁-၃၉၈၇၅၆၊ အလုပ်အမှုဆောင် ဦးခန့်စည်သူ ၀၉-၅၁၇၂၇၂၇၊ ဒေါက်တာချစ်စံဝင်း ၀၉-၅၀၁၆၈၃၁၊ ဦးချစ်နိုင် ၀၁-၅၅၁၇၁၉၊ ဦးဟိန်းလတ် ၀၉-၅၅၀၁၇၂၄နှင့် ဒေါက်တာသန့်သော်ကောင်း ၀၉-၅၀၀၅၄၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးတင့်ဆွေအား ရိုမေးနီးယားသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဧပြီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင့်ဆွေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ရိုမေးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

အမြင့်ဆုံးအပူချိန် စံချိန်သစ်

နေပြည်တော် ဧပြီ ၁၇

ချောက်မြို့၏ ဧပြီ ၁၇ ရက်နေ့ အမြင့်ဆုံးအပူချိန် ၄၆ ဒသမ ၁ ဒီဂရီစင်တီဂရိတ်၊ ၁၁၅ ဒသမ သုည ဒီဂရီဖာရင်ဟိုက်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၈ နှစ်အတွင်း ယင်းမြို့၏ ဧပြီလအတွက် အမြင့်ဆုံးအပူချိန် စံချိန်သစ် ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ (၁၈-၄-၂၀၀၈) ရက်တွင် ၄၅ ဒသမ ၉ ဒီဂရီစင်တီဂရိတ်၊ ၁၁၄ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့ရိုးရာအတာသင်္ကြန် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန် ဆုချီးမြှင့်ပွဲနှင့် ဗဟိုမဏ္ဍပ်ပိတ်ပွဲကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီတွင် သန်လျင်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအနီးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ကျောက်တန်းမြို့နယ်အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက လည်းကောင်း၊ ဒုတိယဆုရ သန်လျင်မြို့နယ်မှ ညောင်သုံးပင်၊ အမှုထမ်းရပ်ကွက် ကိုယ်စားပြု ယိမ်းအဖွဲ့အား ဝန်ကြီး၏ ဇနီးက လည်းကောင်း၊ တတိယဆုရ သန်လျင်မြို့နယ်မှ အုတ်ဖိုစု၊ သောက်တော်တွင်း၊ အောင်မင်္ဂလာရပ်ကွက် ကိုယ်စားပြု ယိမ်းအဖွဲ့အား ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက လည်းကောင်း၊ နှစ်သိမ့်ဆုများနှင့် အကဲဖြတ်ဒိုင်အဖွဲ့တို့အတွက် ဂုဏ်ပြုလက်ဆောင်များကို ခရိုင်အုပ်ချုပ်ရေးမှူး၏ ဇနီးနှင့် တာဝန်ရှိသူများက လည်းကောင်း ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရယိမ်းအဖွဲ့များက ကပြဖျော်ဖြေကာ မြနန္ဒာသီချင်းကို စုပေါင်းသီဆို၍ ရန်ကုန်တောင်ပိုင်းခရိုင်၏ မြန်မာ့ရိုးရာသင်္ကြန် ဗဟိုမဏ္ဍပ်ကို ပိတ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၈-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"ဉာဏ်စဉ်သုံးပါး" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈း၅၀	Show Room (Part-7)
၈း၅၅	"နှစ်သစ်အကြို မြန်မာပြည်သိန်းတန်" Live Show (Part-17)
၁၀း၂၅	မြန်မာနှစ်သစ်ကူးအတာသင်္ကြန် ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်
၁၁း၂၀	ရန်ကုန်မြင်ကွင်းကျယ် (ပင်မကလပ်ဆီးလ် ကုထုံးသစ်မိတ်ဆက်ပွဲ)
၁၂း၄၀	ကြည်ညိုဖူးမြော်. . . ကံထူးစေသော ဝ် ကံကြီးမစေတီတော်
၄း၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၁၅)**
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၅၆)**
၇း၁၀	"နှစ်သစ်အကြို မြန်မာပြည်သိန်းတန်" Live Show (Part-18)
၈း၃၀	Cartoon Show Time (The Last Unicorn)
၉း၂၀	Show Room (Part-8)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်"(အပိုင်း-၁၀)**
၁၀း၂၀	ဓာတ်ပုံထဲမှ အမှတ်တရများ(နေဆန်း)
၁၀း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၁၆)**

စာအုပ်စာပေ လှူမိတ်ဆွေ

ထိုင်းရိုးရာ ဆွန်ခရန်ပွဲတော်ကာလ ယာဉ်မတော်တဆမှုပေါင်း ၂၈၀၀ ကျော်ကြောင့် ၂၈၂ ဦးသေဆုံး

ဗန်ကောက် ဧပြီ ၁၇

ထိုင်းရိုးရာဆွန်ခရန် နှစ်သစ်ကူးရေသဘင်ပွဲတော်ကာလ အားလပ်ရက် ခုနစ်ရက်အနက် ခြောက်ရက်မြောက်နေ့ (ဧပြီ ၁၆ ရက်)တွင် ယာဉ်မတော်တဆမှုပေါင်း ၂၉၁ မှုဖြစ်ပွားခဲ့ပြီး စုစုပေါင်း လူ ၂၉ ဦး သေဆုံးခဲ့ရကြောင်း ထိုင်းနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးရေးဗဟိုဌာန ထိပ်တန်းတာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးရေးဗဟိုဌာန လက်ထောက်ညွှန်ကြားရေးမှူး၏အဆိုအရ ဧပြီ ၁၆ ရက်တွင် ထိုင်းနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရသူ ၃၀၈ ဦးရှိခဲ့ကြောင်း သိရသည်။

ဧပြီ ၁၆ ရက်သည် ဆွန်ခရန်နှစ်သစ်ကူးပွဲတော်အားလပ်ရက်ကာလအပြီး ပြည်သူသန်းပေါင်းများစွာတို့ ဗန်ကောက်မြို့တော်သို့ အပြန်ခရီးနှင်ကြသည့် နေ့ရက်ဖြစ်သည်။

၂၀၁၂ ခုနှစ် ထိုင်းရိုးရာ ဆွန်ခရန်ပွဲတော်ကာလ မြင်ကွင်းတစ်ရပ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆွန်ခရန် နှစ်သစ်ကူးပွဲတော် အားလပ်ရက်ကာလ ခြောက်ရက်မြောက်နေ့အထိ ထိုင်းနိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှုပေါင်း ၂၈၇၂ မှု ဖြစ်ပေါ်ခဲ့ပြီး သေဆုံးသူ ဦးရေ ၂၈၂ဦးအထိ မြင့်တက်လာကာ ဒဏ်ရာရရှိခဲ့သူ ၃၀၅၉ ဦးအထိ ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

၂၀၁၂ ခုနှစ် ဆွန်ခရန်ပွဲတော်ကာလ ခြောက်ရက်မြောက်နေ့အထိ ထိုင်းနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများကြောင့် သေဆုံးခဲ့ရသူဦးရေသည် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၅၃ ဦး ပိုတိုးလာခဲ့ပြီး ဒဏ်ရာရရှိသူဦးရေ အနည်းငယ်မျှ ကျဆင်းခဲ့ကြောင်း သိရသည်။

ဆွန်ခရန်ပွဲတော်ကာလအတွင်း ပေါ်ပေါက်ခဲ့သည့် ယာဉ်မတော်တဆမှုများ၏ အဓိကအကြောင်းတရားမှာ အရက်သေစာ သောက်စားမူးယစ်၍ မဆင်မခြင်ယာဉ်မောင်းနှင်မှုများဖြစ်ကြောင်း ထိုင်းနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးရေးဗဟိုဌာနက ပြောကြားခဲ့သည်။

ဧပြီ ၁၆ ရက် ယာဉ်မတော်တဆမှုများ၏ ၃၆ ရာခိုင်နှုန်းခန့်မှာ အရက်သေစာမူးယစ်၍ ယာဉ်မောင်းနှင်မှုများကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ပုပ်ရဟန်းမင်း ဘီနီဒစ် သက်တော် ၈၅ နှစ်ပြည့်

ပုပ်ရဟန်းမင်း ဘီနီဒစ်။
(ဓာတ်ပုံ-အင်တာနက်)

ဗာတီကန်စီးတီး ဧပြီ ၁၇

ပုပ်ရဟန်းမင်း ဘီနီဒစ်၏ သက်တော် ၈၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၁၇ရက်က ကျင်းပကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပုပ်ရဟန်းမင်း ဘီနီဒစ်သည် ပုပ်ရဟန်းမင်း လီယိုနောက်ပိုင်း အသက်အရွယ်ဆုံး ပုဂ္ဂိုလ်အဖြစ် ရပ်တည်လျက်ရှိသည်။

ပုပ်ရဟန်းမင်း လီယိုသည် ၁၉၀၃ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ၎င်းကွယ်လွန်ချိန်တွင် သက်တော် ၉၃ နှစ်ရှိသည်။

ပုပ်ရဟန်းမင်း ဘီနီဒစ်၏ မွေးနေ့အထိမ်းအမှတ် လူထုဝတ်ပြုဆုတောင်းပွဲကို ဗာတီကန်နန်းတော်၌ ကျင်းပခဲ့သည်။

အင်တာနက်။

မြို့တော်တိုကျို၏ အခွန်ထမ်းပြည်သူများ အငြင်းပွားကျွန်းများကို ဝယ်ယူမည်ဟုဆို

တိုကျို ဧပြီ ၁၇

တရုတ်နိုင်ငံနှင့် ပိုင်နက်နယ်မြေ အငြင်းပွားမှုဖြစ်ပွားနေသည့် လူသူနေထိုင်ခြင်းမရှိသော ကျွန်းစုငယ်ကို တိုကျိုမြို့ရှိ အခွန်ထမ်းပြည်သူများက ဝယ်ယူမည်ဖြစ်ကြောင်း မြို့တော်ဝန် ရှင်တာရိုအီရှီဟာရာက ဧပြီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

အရှေ့တရုတ်ပင်လယ်အတွင်းတည်ရှိပြီး ဂျပန်အခေါ် ဆန်ကာကု၊ တရုတ်အခေါ် ဒိုင်အိုယုဟု အမည်တွင်သော ကျွန်းစုပိုင်ရှင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း တိုကျိုမြို့တော်ဝန်က ပြောကြားသည်။

တိုကျိုအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ယင်းကျွန်းစုကို ဝယ်ယူရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်းနှင့် ဆန်ကာကုကျွန်းစုကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ဧပြီ ၁၆ ရက်တွင် ဝါရှင်တန်မြို့၌ ကျင်းပသော ယဉ်ကျေးမှုအမွေအနှစ်ဖောင်ဒေးရှင်း၏ ဆွေးနွေးပွဲ၌ တိုကျိုမြို့တော်ဝန်က ပြောကြားသည်။

အဆိုပါ ကျွန်းစုငယ်သည် တိုကျိုမြို့မှ ကီလိုမီတာ ၂၀၀၀(၁၂၅၀ မိုင်) အကွာတွင် တည်ရှိပြီး ငါးဖမ်းလုပ်ကွက်များရှိသည့်အပြင် စွမ်းအင်အရင်းအမြစ်များလည်း ရှိနိုင်သည်ဟုဆိုသည်။

လူသူနေထိုင်ခြင်းမရှိသည့် ကျွန်းစုငယ်တွင်ပါဝင်သော အုတ်စုရီဂျီးမား၊ ကီတာကိုဂျီးမားနှင့် မီနာမီကိုဂျီးမားကျွန်း သုံးကျွန်းအား ဝယ်ယူရေးအတွက် ပိုင်ရှင်များနှင့် ဆွေးနွေးညှိနှိုင်းပြီးဖြစ်ကြောင်း၊ ယင်းကျွန်းများကို ဂျပန်နိုင်ငံမှ မိသားစုတစ်စုက ပိုင်ဆိုင်ပြီး ဂျပန်အစိုးရအား အငှားချထားခြင်းဖြစ်ကြောင်း တိုကျိုမြို့တော်ဝန်က ပြောကြားသည်။

ယင်းကျွန်းများ၏ လက်ရှိပိုင်ရှင်မှာ ကူရီဟာရာမိသားစုဖြစ်ပြီး ၎င်းတို့အနေဖြင့် လွန်ခဲ့သည့်ဆယ်စုနှစ်များစွာကတည်းကပင် ယင်းကျွန်းများကို မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်သူများထံမှ ဝယ်ယူခဲ့ခြင်းဖြစ်သည်ဆို၏။

အင်တာနက်။

ကမ္ဘာကြီးပူနွေးမှုကိုအာခံ၍ အာရှရေခဲပြင်အချို့ ထုထည်ပိုမိုကြီးမားလာ

ပါရီ ဧပြီ ၁၇

ဟိမဝန္တာဒေသ ကာရာကိုရမ်တောင်တန်းပေါ်ရှိ ရေခဲပြင်အချို့သည် ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်ကို အန်တုလျက်ရှိပြီး ရေခဲလွှာထုထည်များ ပိုမိုထူထဲလာကြောင်း သုတေသနပညာရှင်များက ဧပြီ ၁၅ ရက်တွင် ပြောကြားသည်။

ဟိမဝန္တာဒေသအနောက်ပိုင်း ကာရာကိုရမ်တောင်တန်းထက်မှ ရေခဲပြင်များသည် ထုထည်အားဖြင့် ပိုမိုထူထဲလာကြောင်း ဂြိုဟ်တုမှ ပေးပို့သည့် အချက်အလက်များအား အသုံးပြု၍ ပြင်သစ် သုတေသနပညာရှင်အဖွဲ့ တစ်ဖွဲ့က သက်သေပြခဲ့သည်။

စူးစမ်းနိုင်ခြင်းမရှိ

ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးသက်ရောက်မှုကြောင့် ဟိမဝန္တာဒေသ အခြားနယ်မြေများမှ ရေခဲပြင်များ ထုထည်ပမာဏ ဆုံးရှုံးကျဆင်းနေရချိန်တွင် ကာရာကိုရမ်တောင်တန်းဒေသမှ ရေခဲပြင်များ၏ ထုထည်များ အဘယ်ကြောင့် ထူထဲလာသည်ဟူသော အကြောင်းရင်းကို လေ့လာစူးစမ်းနိုင်ခြင်း မရှိသေးပေ။

ဟိမဝန္တာတောင်တန်းဒေသ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မှတ်ယူခံရလေ့ရှိသော ကာရာကိုရမ်တောင်တန်းသည် စင်စစ်အားဖြင့် ကမ္ဘာ့ဒုတိယအမြင့်ဆုံး တောင်ထိပ်ဖြစ်သည့် ကေ-၂ အမည်ရှိ တောင်ထိပ်ပါဝင်သော သီးခြား တောင်တန်းတစ်ခုဖြစ်သည်။

ဦးစားပေးဖြစ်

ကမ္ဘာကြီးပူနွေးလာမှုအပေါ် ဟိမဝန္တာရေခဲပြင်များ၏ တုံ့ပြန်မှုသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အစိုးရများညီလာခံ(အိုင်ပီစီစီ)၏ ၂၀၀၇ ခုနှစ် အစီရင်ခံစာ၌ ဦးစားပေးအကြောင်းအရာဖြစ်ခဲ့ရသည်။

၁၉၉၉ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် အကြားကာလများတွင် ကာရာကိုရမ် တောင်တန်းဒေသ၏ စုစုပေါင်းအကျယ်အဝန်း ၅၆၁၅ စတုရန်းကီလို မီတာရှိခဲ့သည့် ရေခဲပြင်များ၏ ထုထည်သည် သိသိသာသာ ပိုမိုထူထဲလာကြောင်း ပြင်သစ် သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ သိရသည်။

အင်တာနက်။

အိန္ဒိယ တာဝေးပစ်ဒုံးကျည်သစ် အဂ္ဂနီ-၅ ယခုသီတင်းပတ်အတွင်း စမ်းသပ်ပစ်လွှတ်မည်

နယူးဒေလီ ဧပြီ ၁၇

နျူကလီးယားလက်နက်သယ်ဆောင်နိုင်စွမ်းရှိသည့် တိုက်ချင်းပစ်ဒုံးကျည်လက်နက်အမျိုးအစားသစ်ကို အိန္ဒိယနိုင်ငံက ယခု သီတင်းပတ်အတွင်း စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူတစ်ဦးက ဧပြီ ၁၆ ရက်တွင် ပြောကြားသည်။

စမ်းသပ်ပစ်လွှတ်မည့် ဒုံးကျည်မှာ အဂ္ဂနီ-၅ ဒုံးကျည်ဖြစ်ပြီး ခရီးအကွာအဝေး ကီလိုမီတာ ၅၀၀၀(မိုင် ၃၁၀၀)အထိ ပျံသန်းနိုင်ကြောင်း၊ ယင်းဒုံးကျည်အား ဧပြီ ၁၈ နှင့် ၂၀ ရက်အကြားတွင် ပထမဆုံးအကြိမ်အဖြစ်စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးသုတေသနဖွံ့ဖြိုးမှုအဖွဲ့(ဒီအာဒီအို)က ပြောကြားသည်။

အခက်အခဲများစွာရှိ

ဒုံးကျည်ပစ်လွှတ်မည့်ရက်ကိုမူ အတိအကျသတ်မှတ်နိုင်ခြင်းမရှိသေးကြောင်း၊ အဘယ်ကြောင့်ဆိုသော် တာဝေးပစ်ဒုံးကျည်တစ်စင်းအား ရွှေ့ပြောင်းသယ်ဆောင်ရာ၌ အခက်အခဲများစွာရှိ၍ တစ်ရက်တည်းနှင့်အပြီးဆောင်ရွက်၍ မရနိုင်ကြောင်း ယင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ရာဗိဂုပ္ပတားက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အဂ္ဂနီ-၅ ဒုံးကျည်သည် အာရှတိုက်တစ်ဝန်းရှိ ပစ်မှတ်များနှင့် ဥရောပတိုက်၏ နယ်မြေဒေသအချို့ရှိ ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်နိုင်သည်ဟုဆိုသည်။

လက်ရှိတွင် တာဝေးပစ်ဒုံးကျည်များကို တရုတ်၊ ရုရှား၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် အစ္စရေးနိုင်ငံတို့ကသာ ပိုင်ဆိုင်ထားကြသည်။

အင်တာနက်။

အလင်းညစ်ညမ်းမှုကြောင့် မြင်တွေ့သင့်သည့်ကြယ်များကို မြင်နိုင်စွမ်းယုတ်လျော့လာ

လန်ဒန် ဧပြီ ၁၇

ညကောင်းကင်ယံ၌ သာမန်မျက်စိဖြင့် မြင်တွေ့ရန်သင့်သည့် ကြယ်အရေအတွက်၏ သုံးပုံတစ်ပုံကိုသာ ဗြိတိန်ပြည်သူအများစု မြင်နိုင်စွမ်းရှိသောကြောင့် ဗြိတိန်နိုင်ငံ၏ အလင်းညစ်ညမ်းမှု အခြေအနေသည် အလွန်ဆိုးရွားလာသည့် လက္ခဏာဖြစ်ကြောင်း ဧပြီ ၁၄ ရက် သတင်းများတွင် ဖော်ပြထားသည်။



ဗြိတိန်ပြည်သူ ထက်ဝက်ကျော်တို့သည် မြေကမ္ဘာမှကြည့်လျှင် မြင်ကွင်းအထင်ရှားဆုံးဖြစ်သည့် အိုရီယွန်ကြယ်စု (Orion constellation)အတွင်းရှိ အတောက်ပဆုံးကြယ်များအနက် အနည်းငယ်သို့မဟုတ် ၁၀ စင်းမျှကိုသာ မြင်နိုင်စွမ်းရှိကြောင်း သိရသည်။

ဂရိဒဏ္ဍာရီလာ မုဆိုးတစ်ဦး၏ အမည်ကို အစွဲပြုမှည့်ခေါ်ထားသော အိုရီယွန်ကြယ်စု၏ ထောင့်လေးထောင့်၌ မုဆိုး၏ ခြေနှင့်လက်များအား ဖော်ညွှန်းသည့် ကြယ်ရာပေါင်းများစွာအနက် ၃၀ ကျော်ကိုသာ ကမ္ဘာမြေပေါ်မှ ညအချိန်မြင်တွေ့နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့ဖူးသည်။

သို့ရာတွင် လေ့လာချက်များအရ ဗြိတိန်ပြည်သူ ၂ ရာခိုင်နှုန်းခန့်သည်သာ အိုရီယွန်ကြယ်စုအတွင်းမှ ကြယ် ၃၀ ကျော်အား တွေ့မြင်နိုင်စွမ်းရှိပြီး ဗြိတိန်လူဦးရေ ၁၀ပုံတစ်ပုံခန့်မှာမူ ကြယ်သုံးစင်းကျော်ကျော်မျှကိုသာ တွေ့မြင်ကြရတော့ကြောင်း သိရသည်။

လမ်းများနှင့် အဆောက်အအုံများ၌ မလိုအပ်ဘဲ ထွန်းညှိထားသည့် ပိုလျှံမီးရောင်များကြောင့် ဗြိတိန်နိုင်ငံ၏ ညကောင်းကင်များ အလင်းညစ်ညမ်းမှု ပြဿနာနှင့် ရင်ဆိုင်နေရသည့်အဖြစ်ကို အထက်ပါလေ့လာချက်များက ဖော်ညွှန်းလျက်ရှိသည်။

ညပိုင်းပိုလျှံအလင်းရောင်များကြောင့် လင်းနို့ကဲ့သို့သော နို့တိုက်သတ္တဝါများ အပါအဝင် ညထွက်ငှက်များ၏ သဘာဝတုံ့ပြန်မှုများ ကမောက်ကမဖြစ်ရခြင်း၊ အစာရေစာရှာဖွေမှု ခက်ခဲလာခြင်းနှင့် မြို့ပြနေငှက်သတ္တဝါများ၏ အရုဏ်ဦးအချက်ပေးတွန်ကျူးသံများ ဖောက်လွဲဖောက်ပြန်ဖြစ်ခြင်း စသည့်အကျိုးဆက်များ ပေါ်ပေါက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အင်တာနက်။

တာဝေးပစ်ဒုံးပျံပစ်လွှတ်မှုကြောင့် မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှုတိုးမြှင့်ရန် ကုလသမဂ္ဂဆုံးဖြတ်

ကုလသမဂ္ဂ ဧပြီ ၁၇

မအောင်မမြင်ဖြစ်ခဲ့သည့် ဒုံးပျံပစ်လွှတ်မှုနှင့်ပတ်သက်၍ မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ တိုးမြှင့်ပြုလုပ်သွားရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ညွှန်ကြားလိုက်ကြောင်း သတင်းဌာနများက ဧပြီ ၁၇ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားစမ်းသပ်မှုပြုလုပ်ခြင်း ရှိ၊ မရှိ ကုလသမဂ္ဂက လေ့လာလျက်ရှိသည်။

ပြစ်တင်ရှုတ်ချ

မြောက်ကိုရီးယားက ဒုံးပျံပစ်လွှတ်မှုနှင့်ပတ်သက်၍ ယင်းနိုင်ငံ၏ မဟာမိတ် တရုတ်နိုင်ငံနှင့် နျူကလီးယားလက်နက်ပိုင်ဆိုင်သော ပါကစ္စတန်နိုင်ငံတို့အပါအဝင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံတို့က ပြင်းထန်စွာပြစ်တင်ရှုတ်ချခဲ့ကြသည်။ မြောက်ကိုရီးယား၏ လုပ်ဆောင်ချက်သည် အာရှတိုက်အတွင်း လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်တွင်ဖော်ပြသည်။

မိမိ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနိုင်ရန် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)စစ်ဆေးရေးမှူးများကို ခွင့်ပြုမည်မဟုတ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြောကြားခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။

လုံခြုံရေးကောင်စီ၏ အရေးယူဆောင်ရွက်ချက်နှင့်ပတ်သက်၍ မြောက်ကိုရီးယားနိုင်ငံက ချက်ချင်းတုံ့ပြန်ပြောဆိုခြင်းမရှိပေ။

အင်တာနက်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဧည့်ပရိသတ်များက ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

မြန်မာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး နှစ်စဉ်ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူပြီး လိုက်နာထိန်းသိမ်းခဲ့ကြသဖြင့် မှုခင်းဖြစ်ပွားမှု၊ သေဆုံးဒဏ်ရာရရှိမှု နည်းပါး

နေပြည်တော် ဧပြီ ၁၇

ယခုနှစ် မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ အမျိုးသားစရိုက်ပြည့်ဝစွာ ယဉ်ကျေးမှုအစဉ်အလာမပျက် နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

သင်္ကြန်ကာလအတွင်း မလိုလားအပ်သော ဖြစ်စဉ်ဖြစ်ရပ်များ မဖြစ်ပေါ်စေရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် သက်ဆိုင်ရာက ကြိုတင်သတိပေးနှိုးဆော်ချက်များကို သင်္ကြန်ရက် မတိုင်မီကပင် ထုတ်ပြန်၍ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့သည့်အပြင် သင်္ကြန်ပွဲတော်ကာလအတွင်း တာဝန်ရှိသူအသီးသီးတို့က စည်းကမ်းစနစ်တကျရှိစေရေး ကြပ်မတ်ကွပ်ကဲဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို ရိုးရာဓလေ့နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ စည်းကမ်းတကျ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ သို့သော် အပျော်အပါး လွန်ကဲပြီး စည်းကမ်းလိုက်နာမှု အားနည်းသူတချို့ကြောင့် ယခုနှစ် သင်္ကြန်ကာလအတွင်း ယဉ်တိုက်မှု ၁၇ မှု၊ ခိုက်ရန်ဖြစ်ပွားမှု ၈၂ မှု၊ ဝတ္တရားနှောင့်ယှက်မှု နှစ်မှု၊ မူးယစ်ရမ်းကားမှု ၁၇ မှု၊ ခါးပိုက်နှိုက်မှု ၅၃ မှု၊ စည်းကမ်းပျက်ရေကစားမှု သုံးမှု၊ ကာယိန္ဒြေ ဖျက်ဆီးမှု ခုနစ်မှု၊ သေမှုသေခင်း လေးမှု၊ မုဒိမ်းမှု တစ်မှု၊ ပေါ့လျော့မှု တစ်မှု၊ ခိုးမှု တစ်မှု၊ လက်နက်မှု လေးမှု စုစုပေါင်း ၁၉၂ မှု ဖြစ်ပွားခဲ့ပြီး ရှစ်ဦးသေဆုံးကာ ၁၆၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုမှာ ယာဉ်တိုက်မှုကြောင့် သေဆုံးသူ သုံးဦး ၊ ဒဏ်ရာရရှိသူ ၅၉ ဦး၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ ၁၀၅ ဦး၊ ဝတ္တရားနှောင့်ယှက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ နှစ်ဦး၊ သေမှုသေခင်းကြောင့် သေဆုံးသူ လေးဦး၊ ပေါ့လျော့မှုကြောင့် သေဆုံးသူ တစ်ဦးတို့ဖြစ်ကြောင်း သိရှိရသည်။

အပျော်လွန်ကဲမှုများကြောင့် သေဆုံး ထိခိုက်ဒဏ်ရာရရှိမှုများကို သင်ခန်းစာယူပြီး နှစ်သစ်တွင် မိမိအတွက်၊ မိမိတိုင်းပြည်အတွက် ကောင်းမြတ်သော လုပ်ငန်းစဉ်များကို ရွေးချယ်လုပ်ကိုင်ကာ စိတ်သစ်လူသစ်ဖြင့် ရှေ့ဆက်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဝေန်မြစ်ဖြတ်မြောင်းတူးခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး၊ မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဧပြီ ၁၆ ရက် နံနက် ၉ နာရီတွင် ငါးသိုင်းချောင်းမြို့ ရေဘေးအန္တရာယ်ကာကွယ်ရေး ဝေန်မြစ်ဖြတ်မြောင်းတူးခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။(အောက်ပုံ)

ညနေ ၄ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ယိမ်းအကပြိုင်ပွဲ၊ သင်္ကြန်မယ်ပြိုင်ပွဲနှင့် သံချပ်အဖွဲ့ပြိုင်ပွဲ အကဲဖြတ်ဒိုင်အဖွဲ့၊ ပထမဆုနှင့် ဒုတိယဆုရရှိသော သံချပ်အဖွဲ့၊ နှစ်သိမ့်ဆုရရှိသော ယိမ်းအဖွဲ့ ၁၅ ဖွဲ့၊ အထူးဆုရရှိသော ယိမ်းအဖွဲ့ ခုနစ်ဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး သင်္ကြန်မယ်ဆုရရှိသူနှင့် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသော ယိမ်းအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဇနီး ဒေါ်ခင်ဌေးမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ပထမဆုရရှိသော ယိမ်းအဖွဲ့နှင့် ဇာတိမာန်သံချပ်အဖွဲ့တို့က ဖျော်ဖြေကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၁၃၇၃ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနား အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာပြီး ယိမ်းအဖွဲ့ဝင်များက မန်းတောင်ရိပ်ခို တေးသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေခဲ့ကြသည်။ (သတင်းစဉ်)

ကေအိုင်အေတပ်ဖွဲ့ဝင် ၄၂ ဦး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် ဧပြီ ၁၇

ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် ဇွန်လမှစ၍ တိုက်ပွဲများနှင့် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်။ တိုက်ပွဲများကြောင့် ကေအိုင်အေတပ်ဖွဲ့ဝင်များသည် မိသားစုများကို ပစ်ပယ်ထားခဲ့ကာ ကေအိုင်အေ ခေါင်းဆောင်ပိုင်း၏ အဓမ္မတိုက်ပွဲဆင်နွှဲစေမှုကြောင့် မိသားစုများအတွက် ပူပင်သောကပွားများလျက်ရှိပြီး တပ်မတော်စစ်ကြောင်းများနှင့် ပစ်ခတ်တိုက်ခိုက်ရာတွင် သေဆုံး၊ ထိခိုက်ဒဏ်ရာရမှု အများအပြား ကြုံတွေ့နေရခြင်း၊ ရိက္ခာဆေးဝါး ပြည့်စုံမှု မရှိခြင်း၊ အနေဆင်းရဲ အစားဆင်းရဲ၍ ပြင်းထန်သည့် ရာသီဥတုဒဏ်ကြောင့် ကျန်းမာရေးများ ထိခိုက်လာခြင်း၊ မိသားစုဝမ်းစာအတွက် တောင်ယာခုတ်ထွင် လုပ်ဆောင်ခွင့် မရှိခဲ့ခြင်း၊ မိုင်းစစ်ဆင်ရေး ဆင်နွှဲခိုင်းရာတွင်လည်း မိမိမိုင်းနှင့် မိမိသေဆုံး ဒဏ်ရာရမှု အများအပြား ဖြစ်ပေါ်လျက်ရှိခြင်း၊ အပြစ်မဲ့ ပြည်သူများနှင့် ဆက်သွယ်ရေး လမ်းတံတားများ ပျက်စီးခြင်းအပြင် ရည်ရွယ်ချက်မဲ့သော စစ်ပွဲများကို ဆင်နွှဲနေခြင်း အပေါ် အမြင်မှန်ရရှိပြီး ကေအိုင်အေ တပ်ဖွဲ့ဝင်အတွင်းမှ စွန့်ခွာထွက်ပြေးမှုများ အများအပြား ဖြစ်ပေါ်လျက်ရှိသည်။

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူလူထုများမှလည်း ကေအိုင်အို/ကေအိုင်အေအဖွဲ့၏ မှားယွင်းသည့် လုပ်ရပ်များအပေါ် အမြင်မှန်ရပြီး အခြားသော လူမျိုးစု လက်နက်ကိုင်အဖွဲ့များနည်းတူ ထာဝရငြိမ်းချမ်းရေးကို မျှော်လင့်လျက်ရှိကြသည်။

အဆိုပါ အခြေအနေတွင် ၂၀၁၂ ခုနှစ် ဧပြီ ၁၆ ရက်၌ ရည်ရွယ်ချက်မဲ့သော စစ်ပွဲများကို ဆက်လက်ဆင်နွှဲလိုခြင်း မရှိတော့သည့် ကေအိုင်အေတပ်မဟာ(၅)မှ တပ်ကြပ်အဆင့်ရှိ ကျော်ဆန်း ဦးဆောင်သော ကေအိုင်အေတပ်ဖွဲ့ဝင် ၃၅ ဦးသည် ၎င်းတို့အား အဓမ္မ စစ်တိုက်ခိုင်းခဲ့သည့် အနီးကပ် အုပ်ချုပ်သူ ကေအိုင်အေ ခေါင်းဆောင်အား ရဲဝံ့ပြတ်သားစွာ ပစ်ခတ်ခဲ့ပြီး လက်နက်မျိုးစုံ ၂၃ လက်နှင့်အတူ မြစ်ကြီးနားမြို့နယ် တာလောကြီးနယ်မြေရှိ မိမိတပ်မတော်တပ်စခန်းသို့ ဆက်သွယ်၍ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာခဲ့သည်။ အဆိုပါ ကေအိုင်အေ တပ်ဖွဲ့ဝင်များအား ပြည်သူလူထုနှင့် မိမိတပ်မတော်တို့မှ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ပြီး ၎င်းတို့၏ မိသားစု ဘဝ လုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကချင်ပြည်နယ်အတွင်း ပြည်သူလူထု၏ မျှော်လင့်စောင့်စားလျက်ရှိသော ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ၂၀၁၁ ခုနှစ် ဇွန်လမှ ဩဂုတ်လအထိ ကေအိုင်အို/ကေအိုင်အေအဖွဲ့များနှင့် (၃)ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့သကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးအတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိရာ ကေအိုင်အို/ကေအိုင်အေ အဖွဲ့နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊ ၂၀၁၂ ခုနှစ် မတ် ၈ ရက်မှ ၁၀ ရက်အထိ လည်းကောင်း ကေအိုင်အို/ကေအိုင်အေဘက်မှ တောင်းဆိုသည့်အတိုင်း ရွှေလီမြို့တွင် (၃)ကြိမ်တိုင်တိုင် တွေ့ဆုံ၍ ထာဝရငြိမ်းချမ်းရေးနှင့် အပစ်အခတ် ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း တစ်ဖက်သတ် သဘောထားအမြင်တင်းမာကြသည့် ကေအိုင်အို/ကေအိုင်အေ ခေါင်းဆောင်ပိုင်းအချို့ကြောင့် ကချင်ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်တောင့်တလျက်ရှိသော ထာဝရငြိမ်းချမ်းရေးမှာလည်း အလှမ်းကွာနေဆဲဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် ကေအိုင်အို/ကေအိုင်အေ တပ်ဖွဲ့ဝင်အများစုသည် အခြားသော လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးနှင့် ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်မှုသတင်းများ ကြားသိနေရသောကြောင့် ကေအိုင်အေတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ခေါင်းဆောင်ပိုင်းအပေါ် ယုံကြည်မှုကင်းမဲ့လာပြီး သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိရာမှ ယခုကဲ့သို့ အစုအဖွဲ့အလိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာမှုအပေါ် ကချင်ပြည်နယ် ပြည်သူလူထုမှ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက်ရှိကြောင်း၊ ယခုကဲ့သို့ အစုအဖွဲ့လိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခြင်းကို ပြည်သူလူထုနှင့် တပ်မတော်က လှိုက်လှဲစွာ ကြိုဆိုသည့်သတင်းကြောင့် ယနေ့ ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားတပ်စခန်းသို့ ကေအိုင်အေ တပ်ဖွဲ့ဝင် နှစ်ဦး၊ တာလောကြီးနယ်မြေ တပ်စခန်းသို့ ကေအိုင်အေတပ်ဖွဲ့ဝင် ငါးဦး ထပ်မံ၍ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ရာ ယနေ့အထိ စုစုပေါင်း ကေအိုင်အေတပ်ဖွဲ့ဝင် ၄၂ ဦး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ပြီး ကျန်ကေအိုင်အေတပ်ဖွဲ့ဝင် အများအပြား လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာရန်ရှိကြောင်းလည်း သတင်းများရရှိသည်။ (သတင်းစဉ်)

လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသည့် ကေအိုင်အေ တပ်မဟာ(၅)မှ တပ်ကြပ်အဆင့်ရှိ ကျော်ဆန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များအား ပြည်သူလူထုက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြစဉ်။

(သတင်းစဉ်)

အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့နေ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်နှင့် ဇနီး ဒေါ်ခင်အေးနွယ်တို့ အမှူးပြုသော ပရိသတ်တို့က ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိထံမှ ရေစက်ချတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ပရိတ်ရေများအား ရေလှောင်ကန်များအတွင်း သွန်းလောင်းရန် အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဌာနမှူး ဦးမြင့်ဦးထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြု၍ ဆရာတော် သံဃာတော်များနှင့် ရန်ကုန်မြို့တော်ဝန်၊ ဇနီးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ်ရှိ ရေကူးရေတွန်းစက်ရုံသို့ သွားရောက်ကြပြီး ရေလှောင်ကန်အတွင်းသို့ ပရိတ်ရေများ သွန်းလောင်းပေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် သက်ကြီးပူဇော်ကန်တော့ပွဲ တက်ရောက်

ရန်ကုန် မေ ၁၇

(၁၃)ကြိမ်မြောက် ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများမှ (၈၅)နှစ်နှင့် အထက် မိဘ၊ အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော် ပရိဝုဏ်အတွင်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက သက်ကြီးပူဇော်ကန်တော့ပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆုတောင်းမေတ္တာပို့သ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ ဇနီး ဒေါ်ဝေဝေနှင့်အဖွဲ့ဝင်များသည် အဘိုး အဘွားများအား ဂါရဝပြုကန်တော့ကြပြီး ဂါရဝပြုပစ္စည်းများကို ပေးအပ်ကြသည်။ ယင်းနောက် အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သသည်။

အဆိုပါပူဇော်ကန်တော့ပွဲတွင် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းငါးထောင်စီဖြင့် အဘိုးအဘွား ၃၃၇ ဦးတို့အား ကန်တော့ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေတို့ (၁၃)ကြိမ်မြောက် ပို့ဆောင်ရေးဝန်ကြီးဌာနရှိ အဖွဲ့အစည်းများမှ အသက် (၈၅)နှစ်နှင့်အထက် မိဘ၊ အဘိုး အဘွားများအား ဂါရဝပြုပစ္စည်းများ ပေးအပ်ကြစဉ်။ (သတင်းစဉ်)

ဆောင်းပါးမှတ်စု

ကောင်းမှုကုသိုလ် ပွားတိုးဆောင်ရွက်

နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ရောက်မည့် သင်္ကြန်လွန်ကာလသည် မင်္ဂလာရှိသော အခါသမယဖြစ်ပါသည်။ ၁၃၇၄ ခုနှစ် နှစ်သစ်ကာလ၌ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံပြီး ကောင်းခြင်းအဖြာဖြာ ဝေဆာစေရန်အတွက် ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ကုသိုလ်ကောင်းမှုအစုစုတို့ကို ဆည်းပူးပွားများ ကျင့်ကြံအားထုတ်ကြရမည်ဖြစ်သည်။

နှစ်သစ်ကူးအခါကာလတွင် ညစ်ညူးသော မကောင်းမှုတို့ကို မပြုမိရန်အတွက် သတိပြုကြရမည်ဖြစ်သည်။ ညစ်နွမ်းသောမကောင်းမှု ဒုစရိုက်မှုတို့ကို ရှောင်ရှားကြရမည်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းစသည့် ကောင်းမှုကုသိုလ်တို့နှင့် စပ်လျဉ်း၍-

ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။

ဟူသော ဂါထာတော်ကို ဟောတော်မူခဲ့သည်။ ထိုဂါထာ၏ အနက်အဓိပ္ပာယ်မှာ-

"ဆည်းပူးအားထုတ် ပြုလုပ်အပ်သော ကောင်းမှုရှိသောသူသည် ပစ္စုပ္ပန်ဘဝဤလောက၌ ကုသိုလ်ပုည ငါပြုရ၏ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏။ တမလွန်လောက နောင်ဘဝ၌လည်း စည်းစိမ်ချမ်းသာတို့ကို ဝမ်းမြောက်ဝမ်းသာ ခံစားရ၏။ ပစ္စုပ္ပန် တမလွန်နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရ၏။ မိမိတို့၏ စင်ကြယ်သော သုစရိုက်မှုတို့ကို ဆည်းပူးအားထုတ် ပြုလုပ်အပ်သော ကောင်းမှုရှိသောသူသည် အထူးထူးအပြားပြား ချမ်းသာခြင်း၊ အားရရွှင်လန်းဝမ်းမြောက်ခြင်း ဖြစ်ရလေသတည်း"ဟူ၍ဖြစ်သည်။

မကောင်းမှုကိုပြုလေ့ရှိသောသူသည် ပစ္စုပ္ပန် တမလွန်နှစ်တန်သော ဘဝတို့၌ ပူပန်ကြေကွဲဆင်းရဲခြင်းဖြစ်ရတတ်သဖြင့် ကောင်းမှုကုသိုလ်တို့ကို ယခုဘဝကတည်းကပင် အထူးပြုလုပ်ကြရန် မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မင်္ဂလာရှိသော နှစ်သစ်ကာလ ရက်ကောင်းရက်မြတ်မှစ၍ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် သင်္ကြန်ရေ၏စင်ကြယ်ခြင်းကဲ့သို့ မိမိတို့၏စိတ်ကို စင်ကြယ်အောင် ကျင့်ဆောင်ကြပြီး မကောင်းသော အကုသိုလ်ဒုစရိုက်မှုများကို ရှောင်ရှားကာ ကောင်းသောသုစရိုက်မှုများဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာစသည့် ကောင်းမြတ်သောတရားများကို ဆတက်ထမ်းပိုး ပွားတိုးရွက်ဆောင်သွားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

သောမန

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားတွင် မဏ္ဍပ်ပထမဆုရ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန မဏ္ဍပ်အား ဆုချီးမြှင့်စဉ်။(သတင်းစဉ်)

ကချင်ပြည်နယ် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၇

ကချင်ပြည်နယ် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၆ နာရီတွင် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက မဏ္ဍပ်ပထမဆုရ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန မဏ္ဍပ်၊ ဒုတိယဆုရ လူမှုရေးဝန်ကြီးဌာန မဏ္ဍပ်၊ တတိယဆုရ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန မဏ္ဍပ်တို့အားလည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျိုက မဏ္ဍပ်အထူးဆုရရှိကြသည့် မနောရွှေရည်၊ ထူးကုမ္ပဏီနှင့် မနောမြေ FC မဏ္ဍပ်တို့အား လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ကိုယ်ပိုင်သံစဉ်၊ စာသား၊ ဆိုင်းဝိုင်း၊ ယိမ်းအကအလှ ပထမဆုရ စည်ပင်သာယာရေးယိမ်းအဖွဲ့၊ ဒုတိယဆုရ ဆောက်လုပ်ရေးယိမ်းအဖွဲ့၊ တတိယဆုရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနယိမ်းအဖွဲ့တို့အား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်းလုံက လည်းကောင်း၊ အထူးဆုရ ပြည်နယ်ရဲတပ်ဖွဲ့ယိမ်းအဖွဲ့၊ မပခယိမ်းအဖွဲ့၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာနယိမ်းအဖွဲ့တို့အား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ဇနီးက လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် ယိမ်းအကပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရအဖွဲ့များအား ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါးက လည်းကောင်း၊ အထူးဆုရရှိကြသည့် ယိမ်းအဖွဲ့များအား ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်က လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ခေါင်းဆောင် မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးကိုအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။ ယင်းနောက် ဆုရယိမ်းအကအလှအဖွဲ့များက ပြန်လည်ကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောင်မြင်စွာ ပိတ်သိမ်းကြောင်းနှင့် ၁၃၇၄ ခုနှစ် နှစ်သစ်အားကြိုဆိုကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၃၇၃ ခုနှစ် မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၇

မွန်ပြည်နယ် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၆ နာရီတွင် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ နှစ်သိမ့်ဆုရရှိကြသည့် မဏ္ဍပ်များအား ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က လည်းကောင်း၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် မဏ္ဍပ်များအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသည့် ယိမ်းအဖွဲ့များအား တာဝန်ရှိသူများကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် မုဒုံမြို့နယ်ကိုယ်စားပြု "ဆုရွှေဝါဖူး" ယိမ်းအဖွဲ့၊ ဒုတိယဆုရရှိသည့် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ကိုယ်စားပြု "ပိတောက်ရွှေရည်" ယိမ်းအဖွဲ့၊ တတိယဆုရရှိသည့် ပညာရေးဌာနကိုယ်စားပြု "ရွှေရည်ဖူး" ယိမ်းအဖွဲ့တို့အား ပြည်နယ်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲယိမ်းအဖွဲ့များက "မမတို့မော်ရွှေမြိုင်၊ ရွှေမြိုင်သင်္ကြန်၊ မြနန္ဒာ" တေးသီချင်းဖြင့် ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ယိမ်းအဖွဲ့များအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ မွန်ပြည်နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ (၂၁)ကြိမ်မြောက် နှစ်သစ်ကူး အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၇

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ (၂၁)ကြိမ်မြောက် နှစ်သစ်ကူး အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး သီရိရတနာခန်းမဆောင်၌ကျင်းပရာ ဝန်ထမ်းမိသားစုများက အဘိုးအဘွားများအား ခေါင်းလျှော်သန့်စင်ပေးခြင်း၊ ခြေသည်းလက်သည်းလှီးဖြတ်ခြင်းများဖြင့် ကုသိုလ်ယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ညွန့်တင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများက သာကေတမြို့နယ် ပါဠိကာရီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂိသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ မဟာသင်္ကြန်အကြိုနေ့မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ နေ့စဉ် အလှူဒါနပြုခဲ့မှုတို့ကို ဒုတိယဝန်ကြီးက လျှောက်ထားကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေ့စဉ် ဆွမ်းနှင့် ငွေပဒေသာပင် စုစုပေါင်း လှူဒါန်းငွေကျပ် ၄၆၂၃၀၀၀ ကို ဒုတိယဝန်ကြီးက နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး ကြီးကြပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဘိုးဘွားများအား နေ့လယ်စာ ကျွေးမွေးလှူဒါန်းကြသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ (၂၁)ကြိမ်မြောက်အထိ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေ ၄၃၇၆၈၂၈၇ ကျပ် ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကန်တော်ကြီးရေချိုငါးဥယျာဉ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ဇီဝိတဒါန ငါးအရောင်းဆိုင်ကို သွားရောက်ကြည့်ရှုပြီး သဘာဝရေပြင်များသို့ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ဇီဝိတဒါန ငှက်လွှတ်ခြင်းများဖြင့် ကုသိုလ်ယူကြသည်။

မြန်မာနှစ်ဆန်းတစ်ရက် ယနေ့တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ဇီဝိတဒါန ငါးအရောင်းဆိုင်များကို ကန်တော်ကြီး ရေချိုငါးဥယျာဉ်၊ ကမ္ဘာအေးမဟာသိမ်တော်ကြီးနှင့် စွယ်တော်မြတ်စေတီ မဟာကန်တော်မင်္ဂလာတို့၌ ဈေးနှုန်းချိုသာစွာဖြင့် အများပြည်သူ ကုသိုလ်ယူနိုင်ရန် ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန် ဆုပေးပွဲနှင့်ပိတ်ပွဲအခမ်းအနား သထုံ၌ ကျင်းပ

သထုံ မေ ၁၇

သထုံခရိုင် သထုံမြို့နယ်၏ ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ယိမ်းအကပြိုင်ပွဲ ဆုပေးပွဲနှင့် ပိတ်ပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် သထုံမြို့နယ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ဗဟိုရေကစားမဏ္ဍပ်၌ ကျင်းပရာ ယိမ်းအကလုပျိုပြုလေးများက ပြိုင်ပွဲဝင် ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း ယိမ်းအကအလှပြိုင်ပွဲများ ယှဉ်ပြိုင်ကြရာတွင် ပထမဆုရရှိသော ပညာရေးဌာနကိုယ်စားပြုယိမ်းအဖွဲ့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် ဇနီးတို့က လည်းကောင်း၊ ဒုတိယဆုရရှိသော လိပ်အင်းရပ်ကွက်ကိုယ်စားပြုယိမ်းအဖွဲ့အား ခရိုင်ရဲမှူးကြီးနှင့် ဇနီးတို့ကလည်းကောင်း၊ တတိယဆုရရှိသော ခရိုင်ရဲတပ်ဖွဲ့ကိုယ်စားပြုယိမ်းအဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ဇနီးတို့က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြရာ တာဝန်ရှိသူများက လက်ခံကြပြီး မြနန္ဒာသီချင်းဖြင့် တပျော်တပါး စုပေါင်းသီဆိုကြကာ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ဗဟိုရေကစားမဏ္ဍပ်ကို ပိတ်သိမ်းလိုက်ကြောင်း သိရသည်။ (ခရိုင်အုပ်ချုပ်ရေး)

နှစ်ဆန်းတစ်ရက် ဇီဝိတဒါနသက်လွှတ်ပွဲများ ကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ ဇီဝိတဒါနသက်လွှတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီး ရင်ပြင်တော်တန်ဆောင်း၌ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍ ဇီဝိတဒါနသက်လွှတ် ကုသိုလ်ယူကြသည်။

အလားတူ ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ရာအိမ်မှူး/ဆယ်အိမ်မှူးများသည် နံနက် ၁၀ နာရီတွင် အင်းလျားကန်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ

၁၃၇၄ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့

နိုင်ငံတစ်ဝန်း၌ ဘုရားဖူးပြည်သူများနှင့် ကုသိုလ်ကောင်းမှုပြုသူများ အထူးစည်ကား

ဖူးမြော်ကြည်ညို

နှစ်ဆန်းတစ်ရက်နေ့က မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြစဉ်။

(သတင်းစဉ်)

မြန်မာနှစ်ဆန်းတစ်ရက်နေ့က နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပစဉ်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်ရှိ မာလိနီမင်္ဂလာရေကန်တော်၌ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန (ဘေးမဲ့သက်လွှတ်) မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

နှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်တွင် ငှက်များအား ဇီဝိတဒါနဘေးမဲ့လွှတ်ပေးစဉ်။

(သတင်းစဉ်)

မအူပင်မြို့ မိဘဂုဏ်ရည်သွေးလှူရှင်အသင်းမှ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှု ခံယူနေကြသော လူနာများအတွက် နှစ်သစ်ကူးဒါနအဖြစ် (၅၅၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြစဉ်။

(ကြေးမုံ)

နှစ်ဆန်းတစ်ရက်နေ့က ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၌ အဘိုးအဘွားများအား အသင်းအဖွဲ့များက တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်၍ ကုသိုလ်ကောင်းမှု ပြုကြစဉ်။

(စိန်လှိုင်)

ရဟတ်ယာဉ်ဖြင့် နေပြည်တော်ဝန်းကျင်လှည့်လည်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်

နေပြည်တော် ဧပြီ ၁၇

နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ပဓာန နာယကဆရာတော် အဘိဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုတော်မူသော ဆရာတော်သံဃာတော်များသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၇ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် နေပြည်တော်ဝန်းကျင်အတွင်း လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် တာဝန်ရှိသူများက ပရိတ်ရေ၊ ပရိတ်သဲတို့ဖြင့် ဖျန်းပက်ပေးကြကာ မေတ္တာပို့သကြသည်။

(သတင်းစဉ်)

နှစ်ဆန်းတစ်ရက်နေ့က နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက် ဓာတုစယဓာတ်ပေါင်းစုစေတီတော်ရှိ မဟာမြတ်မုနိဘုရားကြီး၌ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နှစ်ဆန်းတစ်ရက်နေ့က နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယဓာ ပြည်သူများ လာရောက်ကြစဉ်။

မြန်မာနှစ်ဆန်းတစ်ရက်က နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာအခမ်းအနားကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

❑ **ကျောဖုံးမှ**

ထို့အတူ နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ဇေယျသိဒ္ဓိရပ်ကွက်ရှိ အကျွတ်အလွတ် နန်းဦးအောင်စေတီ၊ နန်းဦးစေတီနှင့် တတိုင်းရစေတီတော်တို့၌ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်ခြင်း၊ စေတီတော်ရင်ပြင်တော်များ၌ သန့်ရှင်းရေးဝေယျာဝစ္စဆောင်ရွက်ခြင်း စသည့် ကုသိုလ်ကောင်းမှုမင်္ဂလာများကို ပြုလုပ်ကြသည်။

အလားတူ နေပြည်တော်ပျဉ်းမနားရှိ ဘုရားကိုးဆူစေတီတော်နှင့် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်တို့၌လည်း ပြည်သူများက နှစ်သစ်မင်္ဂလာ ဒါနသီလကောင်းမှုကုသိုလ်များဆည်းပူး၍ ဘာဝနာတရားပွားများ အားထုတ်ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲများနှင့် သက်ကြီးဘိုးဘွားမိဘများအား မြန်မာ့ရိုးရာဓလေ့ထုံးစံနှင့်အညီ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်သန့်စင်ပေးခြင်း၊ ဆေးဝါးစသည့် ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ဂါရဝပြုခြင်း အစရှိသည့် နှစ်သစ်ဦးကုသိုလ်ကောင်းမှုများကို စိတ်အားထက်သန်စွာ ပြုလုပ်ကြသည်ကိုလည်း တွေ့ရသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အသီးသီး၊ ရပ်ကွက်အသီးသီးတို့၌ ဆရာတော် သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြသည်။ (သတင်းစဉ်)

နှစ်သစ်မင်္ဂလာ အခါတော်နေ့တွင် မန္တလေးမြို့၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကား

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးတို့ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် သက်ကြီးပူဇော်ပွဲတွင် အဘိုးအဘွားများအား ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၇

မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အခါတော်နေ့ဖြစ်သည့် ယနေ့တွင် မန္တလေးမြို့ပေါ်၌ နံနက်အရုဏ်တက်ချိန်မှစ၍ ဘုရား၊ ပုထိုးစေတီတော်များ၌ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများ၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ကြပြီး ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းပေးခြင်း၊ ဘုရားစေတီ၊ ပုထိုး၊ ကျောင်းကန်၊ ဓမ္မာရုံတို့၌ ဒါနသီလဘာဝနာပွားများခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရဟန်းရှင်လူများအား စတုဒိသာဒါနပြုခြင်းနှင့် ကျေးငှက်နှင့်ငါးများ ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါနပြုခြင်း၊ ဆေးခန်းဆေးရုံ သွေးလှူဘဏ်များ၌ ဒါနဥပပါရမီဖြင့် သွေးလှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြသည်။

မန္တလေးတောင်၊ ကုသိုလ်တော်၊ ကျောက်တော်ကြီး၊ အရှေ့ပြင်လုံးဆိုင်ရာ အောင်တော်မူမြတ်စွာဘုရားတို့၌လည်း ဥပုသ်သီတင်းသီလဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးကြသူများ၊ စုပေါင်းငါးလွှတ်ကြသူများ စသည်ဖြင့် ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ နံနက်ပိုင်းမှ မွန်းလွဲ ၁ နာရီအထိ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ အနယ်နယ်အရပ်ရပ်မှ သွေးလှူရှင်များက သွေးလာရောက်လှူဒါန်းလျက်ရှိသည်။

နံနက် ၈ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီး ဇီဝိတဒါန ငါးနှင့် ငှက်လွှတ်ပွဲအခမ်းအနားနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့်၊ ဇနီး ဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ကျုံးတောင်ဘက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရုံးရှေ့ငါးလွှတ်ပွဲ နေရာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဦးဆောင်၍ ဇီဝိတဒါနအဖြစ် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းကို ကျုံးရေပြင်အတွင်းသို့ ဘေးမဲ့လွှတ်ကြသည်။ ဆက်လက်၍ မြို့တော်ခန်းမရှေ့၌ စာကလေးကောင်ရေ ၂၀၀ ကျော်ကိုလည်း ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ (၉၀)နှစ်နှင့်အထက် အဘိုး ၂၅ ဦးနှင့် အဘွား ၅၁ ဦး စုစုပေါင်း ဘိုးဘွား ၇၆ ဦးတို့အား သက်ကြီးပူဇော်ပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဘိုးအဘွားများအား တစ်ဦးလျှင် ငွေကျပ် ၇၅၀၀၀ စီနှင့် ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြရာ အဘိုးဦးဘမြင့် (၉၁)နှစ်က ဆုတောင်းမေတ္တာပို့သသည်။

မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မိသားစုများ၏ မြန်မာနှစ်ဆန်း တစ်ရက် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲကို မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတဝရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးမြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းနှင့် ဇနီးအမှူးပြုသော ပရိသတ်က ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် ဇနီး၊ မြို့တော်စည်ပင်သာယာရေးကော်မတီ မိသားစုများသည် မြို့တော်ခန်းမရှေ့၌ ငှက်အကောင် ၃၀၀ ကျော်ကို ဘေးမဲ့

...န်းကျင်လှည့်လည်၍ ...း ရွတ်ပွားသရဇ္ဈာယ်

ဆရာတော် သံဃာတော်များ ရဟတ်ယာဉ်ဖြင့် နေပြည်တော် ဝန်းကျင်အတွင်း လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြစဉ်။ (သတင်းစဉ်)

...က နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်သို့ ဘုရားဖူး ...စဉ်။ (သတင်းစဉ်)

...ာင်ရေ ...ွင်းသို့ ...လက်၍ ...ာလေး ... ဇီဝိတ ...။ ...၃၀)နှစ် ...အဘွား ...၇၆ ဦး ...င်းပရာ ...ာစကား ...ားအား ... စီနှင့် ...န်တော့ ...)နှစ်က ... ...ို့တော် ...်သားစု

များ၏ မြန်မာနှစ်ဆန်း တစ်ရက် အန္တရာယ်ကင်း ပရိတ်တရားတော် နာယူပွဲကို မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတဝရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး မန္တလေးမြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းနှင့် ဇနီးအမှူးပြုသော ပရိသတ်က ဆရာတော်ကြီးထံမှ ငါးပါး သီလ ခံယူဆောက်တည်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြ သည်။

ထို့နောက် မြို့တော်ဝန်နှင့် ဇနီး၊ မြို့တော်စည်ပင်သာယာရေးကော်မတီ မိသားစုများသည် မြို့တော်ခန်းမရှေ့၌ ငှက်အကောင် ၃၀၀ ကျော်ကို ဘေးမဲ့ လွှတ်၍ ကျုံးရေပြင်၌ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ တစ်သိန်းငါးသောင်းကို ဘေးမဲ့လွှတ် ကာ ဆရာတော် သံဃာတော်များ ရွတ်ဖတ်ချီးမြှင့်ပေးသော အန္တရာယ်ကင်း ပရိတ်ရေများကို မန္တလေးမြို့တော်သူ၊ မြို့တော်သားများ အန္တရာယ်ကင်းဝေး စေရေးအတွက် အောင်မြေသာစံမြို့နယ် ရေစစ်ကန်ရှိ အမှတ်(၄) ရေတွန်းစက်ရုံ နှင့် ချမ်းအေးသာစံမြို့နယ် (၃၄)လမ်းရှိ မလွန်အမှတ်(၁) ရေတွန်းစက်ရုံ ရေလှောင်ကန်အတွင်းတို့သို့ သွန်းလောင်း ပေးခဲ့သည်။

ညနေပိုင်းတွင် မန္တလေးမြို့ရှိ ရပ်ကွက် နှင့် လမ်းများ၌ သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရား တော်များ နာကြားကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

နှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဘုရား၊ စေတီများ၌ ဒါနသီလဘာဝနာမှုပြုကြသူများဖြင့် စည်ကား

ရန်ကုန် ဧပြီ ၁၇

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်တောင်ဘက် ဧည့်ခံ တန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင် များနှင့် ဝန်ထမ်းများက စေတီတော်အား အရုဏ်ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူကြပြီး နံနက် ၅ နာရီ ခွဲတွင် ရောင်တော်ဖွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၆ နာရီတွင် ရှေးဟောင်းဗုဒ္ဓ ရုပ်ပွားတော်များတန်ဆောင်း၌ ဩဝါဒါ စရိယ ဆရာတော်ကြီးများထံမှ ပရိတ် တရားတော်များ နာယူကြပြီး နံနက် ၇ နာရီတွင် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် အတွင်းသို့ ငါးများ ဘေးမဲ့လွှတ်ကာ ငှက်များကိုလည်း ဇီဝိတဒါနဘေးမဲ့ လွှတ်ကြသည်။

ယင်းနောက် ရင်ပြင်တော်ရာဟု ထောင့် ချမ်းသာကြီးတန်ဆောင်း၌ (၁၄)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်း သွေးလှူဒါန်းပွဲကျင်းပပြီး ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက မင်္ဂလသုတ်နှင့် မေတ္တသုတ် ပရိတ်တရားတော်တို့ကို ရွတ်ဖတ်ပူဇော်ကြသည်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ မေတ္တာဗျူဟာ အဖွဲ့က အသံမစဲ မေတ္တာပွားများကြပြီး

နှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)

ညနေပိုင်းတွင် ရန်ကုန်အနောက်ပိုင်း ခရိုင် အုပ်ချုပ်ရေးမှူးဦးဆောင်၍ ဇီဝိတ ဒါန ကုသိုလ်ပြု ငါးလွှတ်ကြသည်။

ထို့အတူ ဆူးလေစေတီတော်၌ ဘုရားဖူးလာပြည်သူများသည် စေတီတော် ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော် ကြသည်။

ဝရဒါဌာဓာတုစေတိယ စွယ်တော် မြတ်စေတီတော် (ရန်ကုန်)ဂေါပက အဖွဲ့က ကြီးမှူး၍ နံနက် ၈ နာရီတွင် ဂန္ဓကုဋ္ဌိတိုက်၌ ဆရာတော် သံဃာတော် များထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကာ ပရိတ်တရားတော် နာယူကြပြီး စုဒ္ဒသမအကြိမ်မြောက် ဇီဝိတဒါန ငါးလွှတ်ပွဲကို စေတီတော် ပရိဝုဏ်အတွင်းရှိ မင်္ဂလာကန်တော်၌ ကျင်းပခဲ့သည်။

ထို့အတူ သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၄ ခုနှစ် နှစ်သစ်မင်္ဂလာ အခါတော် နေ့အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် စေတီတော်အာရုံခံ တန်ဆောင်း၌ ကျင်းပပြီး ငှက်နှင့် ငါးများကို ဘေးမဲ့ လွှတ်ကြသည်။ နံနက်ပိုင်းတွင် ပရိသတ် တို့အား နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ ဒေါက်တာဘဒ္ဒန္တ ကေတုက သီလပေးတရားချီးမြှင့်ခဲ့ သည်။

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ (၁၁)ကြိမ် မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ် လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့်ခြင်း မင်္ဂလာအခမ်းအနားကို နံနက် ၆ နာရီ ခွဲတွင်ကျင်းပရာ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ နှင့် ဘုရားဖူးပြည်သူများသည် ငါးပါး သီလ ခံယူဆောက်တည်ခြင်း၊ ရုပ်ပွား တော်မြတ်ကြီးအား မျက်နှာတော် သစ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ သစ်သီး၊ ဆွမ်းကပ် လှူခြင်း၊ မေတ္တာသုတ်နှင့် ပဋ္ဌာန်းပါဠိ တော်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

နှစ်ဆန်းတစ်ရက်နေ့က ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်၌ ဘုရားဖူးပြည်သူများ လာရောက်ကြစဉ်။

(သတင်းစဉ်)

အလားတူသမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၌ ဂေါပကအဖွဲ့ဝင်များက ဦးဆောင်၍ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဘုရား ဖူးလာပြည်သူများက ဗုဒ္ဓရုပ်ပွားတော် များအား ရေသပ္ပာယ်ခြင်း၊ စေတီတော် ရင်ပြင်တော်၌ ဘုရားဝေယျာဝစ္စ ကုသိုလ်အမှုပြုကြခြင်းနှင့် စတုဒိသာ ကျွေးမွေးခြင်းများ ဆောင်ရွက်ကြသည်။

သဃ်န်းကျွန်းမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကစံစေတီတော်၌ ၁၀ ရက် တရား စခန်းပိတ်ပွဲကျင်းပပြီး ဝတ်အသင်းအဖွဲ့ များနှင့် ရပ်ကွက်များမှ အလှူရှင်များက စတုဒိသာကျွေးမွေးကြသည်။ ထို့ပြင် အလှူရှင် နှစ်ဦးတို့က စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်နှင့် စေတီတော် ရွှေသက်န်းကပ်လှူရန်အတွက် အလှူ ငွေကျပ် သိန်း ၄၀၀ လှူဒါန်းခဲ့ကြသည်။

ထို့အတူ ရွှေဘုန်းပွင့်စေတီတော်၊ မယ်လမုစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ သာကေတ မြို့နယ်ရှိ ဇိနမာရ်အောင်စေတီတော်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပ စေတီတော်၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဘုရား၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့ ကျိုက္ကလဲ့စေတီတော်၊ ဒဂုံ မြို့သစ်မြောက်ပိုင်းရှိ မြို့ဦးစေတီ၊ ဒဂုံ မြို့သစ်တောင်ပိုင်းရှိ အောင်ဗောဓိ စေတီ၊ သုဝဏ္ဏမြို့ဦးစေတီ၊ သန်လျင် မြို့နယ် ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်း ရေလယ်ဘုရား၊ ခရမ်းမြို့နယ် သွန်း ဘုရားကြီးစသည့် ဘုရားစေတီများ၌ ဒါန၊ သီလ၊ ဘာဝနာမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရ သည်။

အလားတူ ဌာနဆိုင်ရာ ရုံးများ၊ မြို့နယ်၊ ရပ်ကွက်၊ လမ်းများအလိုက်၌ နှစ်သစ်မင်္ဂလာအခါတော်နေ့ အထိမ်း အမှတ်အဖြစ် အန္တရာယ်ကင်း ပရိတ် တရားတော်များရွတ်ဖတ်ခြင်း အခမ်း အနားများ ကျင်းပကြရာ ဗိုလ်တထောင် မြို့နယ်ကမ်းနားလမ်းရှိ နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက် ဘုရားခန်း၌ ဗိုလ်တထောင်မြို့နယ် ပညာရာမိက မဟာအေတိုက်မှ ဦးညာဏုတ္တရ အမှူး ပြုသော ဆရာတော် သံဃာတော်များ ထံမှ အန္တရာယ်ကင်း ပရိတ်တရား တော်များ နာယူကြသည်။

နှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန် မြို့၌ မော်တော်ယာဉ်လိုင်းများက ဆရာ တော်များအား ပင့်ဆောင်၍ လမ်းများ ၌ အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ခြင်း၊ ယာဉ်လိုင်းအချို့ကလည်း ယာဉ်စီးခ အခမဲ့စီးနင်းစေခြင်းတို့ဖြင့် ကုသိုလ်ယူ ကြသည်ကို တွေ့မြင်ရသည်။(သတင်းစဉ်)

၁၃၇၄ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ နိုင်ငံတစ်ဝန်း၌ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် အထူးစည်ကား

နှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံအနောက်ဘက်မုခ်ရှိ ရှင်ဥပဂုတ္တမင်္ဂလာ ကန်တော်အတွင်းသို့ ငါးများအား ဇီဝိတဒါနဘေးမဲ့လွှတ်ပေးစဉ်။

(သတင်းစဉ်)

၁၃၇၃ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၇

၁၃၇၃ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၆ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်ခင်မြင့်အေးက အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ဗဟိုမဏ္ဍပ်မှ အကအဖွဲ့များ၊ ဗဟိုမဏ္ဍပ်တွင် ငါးနှစ်ဆက်တိုက် ကသူများအားလည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမောင်မောင်လင်းက ဗဟိုမဏ္ဍပ်တွင် ပါဝင်ကူညီပေးခဲ့ကြသည့် ဂီတစာဆိုများ၊ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများအား လည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစန်းကိုက ရပ်ကွက်အဆင့် အလှပြယာဉ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ဆုရ အလှပြယာဉ်များအား လည်းကောင်း၊ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်းက မြို့နယ်အဆင့် အလှပြယာဉ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ဆုရ အလှပြယာဉ်များအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်၊ တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်တို့က ဆုရအလှပြယာဉ်များအား လည်းကောင်း၊

တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်တို့က မဏ္ဍပ်အလှနှင့် မဏ္ဍပ်အကပြိုင်ပွဲတို့တွင် ဆုရမဏ္ဍပ်များအားလည်းကောင်း ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်က မဏ္ဍပ်သီချင်းပြိုင်ပွဲတွင် တတိယ၊ ဒုတိယနှင့် ပထမဆုရ မဏ္ဍပ်များအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက မဏ္ဍပ်အလှပြိုင်ပွဲတွင် တတိယဆုရ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ရွှေတိုင်းရတနာမဏ္ဍပ်၊ ဒုတိယဆုရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရတနာသစ်မဏ္ဍပ်နှင့် ပထမဆုရ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန မဏ္ဍပ်တို့အား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ယိမ်းအဖွဲ့ဝင်များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၁၇

မကွေးတိုင်းဒေသကြီး ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ၆ နာရီခွဲတွင် မကွေးမြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တစ်ဦးချင်း အကပြိုင်ပွဲ အထူးဆုများကို တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၏ဇနီး ဒေါ်ကေသွယ်မျိုးတင့်က လည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယ ဆု ရရှိသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၏ဇနီး ဒေါ်သင်းသင်းထွေးက လည်းကောင်း၊ ၁၂ ဦး ယိမ်းအဖွဲ့ အထူးဆုရရှိသူများအား နယ်မြေခံတပ်နယ်မှ ဒေါ်ရွှေဝါတင်အုန်းက လည်းကောင်း၊ ယိမ်းအဖွဲ့ ပထမဆုရ မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဆုရ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တတိယဆုရ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်စန်းစန်းမြင့်က လည်းကောင်း၊ မဏ္ဍပ်အလှဆုနှင့် အတက်ကြွဆုံး ရေကစားမဏ္ဍပ်ဆု ပထမ ရရှိသွားသော ဆောက်လုပ်ရေးနှင့် လျှပ်စစ်အသင်းအား တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေဝင်းက လည်းကောင်း၊ အလှပြယာဉ် အထူးဆုရ ယာဉ်နှင့်အသင်းများအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် အလှပြယာဉ်ပထမဆုရ ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဒုတိယဆုရ သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တတိယဆုရ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိသောအသင်းများက ယိမ်းများ၊ တစ်ပင်တိုင်အကများဖြင့် ပြန်လည်ဖျော်ဖြေပြီး မန်းတောင်ရိပ်ခိုသီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း ပဲခူးမြို့ မဟာသင်္ကြန် ပိတ်ပွဲအခမ်းအနားတွင် ပထမဆု ရရှိသော မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ယိမ်းအဖွဲ့အား ဆုဖလားနှင့် ဆုငွေများ ချီးမြှင့်စဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ်အလိုက် စည်းကမ်းထိန်းသိမ်းရေးနှင့် ကွပ်ကဲရေးရုံးများဖွင့်လှစ်ကာ ဆောင်ရွက်ခဲ့သဖြင့် ပြည်သူများ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် မဟာသင်္ကြန်ပိတ်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် ဧပြီ ၁၆ ရက် ည ၇ နာရီတွင် ပဲခူးမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပသည့် မဟာသင်္ကြန်ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပထမဆုရရှိသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းယိမ်းအဖွဲ့အား ဆုဖလားနှင့် ဆုငွေများချီးမြှင့်သည်။

ယင်းနောက် ဂုဏ်ပြုဆု၊ နှစ်သိမ့်ဆု ရရှိသော ယိမ်းအဖွဲ့များအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုငွေများ ချီးမြှင့်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်မြင့်မြင့်စိုးက ဒုတိယဆုရရှိသော သစ်တောဦးစီးဌာနယိမ်းအဖွဲ့နှင့် တတိယဆုရရှိသော အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ယိမ်းအဖွဲ့တို့အား ဆုဖလားနှင့် ဆုငွေများချီးမြှင့်သည်။

ထို့နောက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ယိမ်းအဖွဲ့များနှင့် ရုပ်ရှင်နှင့် ဂီတအဖွဲ့ဝင်များက ဖျော်ဖြေကြပြီး မန်းတောင်ရိပ်ခိုသီချင်းဖြင့် ပိတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ပရိတ်တရားတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၈း၀၀	၃။	မျိုးမျိုးကွဲကွဲယဉ်ကျေးမှုအက
၈း၂၀	၄။	"ဖွံ့ဖြိုးတိုးတက်မှုအစုံ မုံရွာစက်မှုဇုန်"
၈း၄၀	၅။	International News

ညပိုင်း

၄း၃၀	၁။	ဂီတသံစဉ်အလှဆင်
၄း၄၅	၂။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၅း၀၅	၃။	သီချင်းကြီးပဒေသာ
၆း၀၀	၄။	ညနေခင်းသတင်း
၆း၁၅	၅။	မိုးလေဝသအခြေအနေ
၆း၅၀	၆။	"မန္တလေးမြို့မစိန်ရတုတေးများ"
၇း၃၅	၇။	"အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း" (အပိုင်း-၄)
၈း၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"(အပိုင်း-၄၇)
	၁၁။	မြန်မာရုပ်ရှင် "အတွေ့လေးရယ်မှအိုအကြို" (ကျော်ဟိန်း၊ မင်းဦး၊ မျိုးသန္တာထွန်း) (ဒါရိုက်တာ-မောင်ဝဏ္ဏ)

တနင်္သာရီတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၇

တနင်္သာရီတိုင်းဒေသကြီး ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၆ နာရီတွင် ထားဝယ်မြို့ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးဟန်နှင့်ဇနီးတို့က ယိမ်းအကပြိုင်ပွဲ အကဲဖြတ်ဒိုင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဝင်းဆွေက ဖျော်ဖြေရေးအဖွဲ့ ၁၉ ဖွဲ့အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးစိုးမြင့်နှင့် ဇနီး၊ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့်ဇနီး၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် ဇနီးနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်းနှင့် ဇနီးတို့က အထူးဆုရ ယိမ်းအဖွဲ့များအား လည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဟာဗီက အထူးဆုရ ထားဝယ်ရိုးရာအကအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် ဇနီးတို့က အထူးဆုရ ကရင်ဒုံးယိမ်းအဖွဲ့ (ဝင်းကဖော်)နှင့် ကရင်ဒုံးယိမ်းအဖွဲ့ (ကတွဲ)တို့အား လည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်နှင့် ဇနီးတို့က ဂုဏ်ပြုဆုရ မြို့မသံချပ်အဖွဲ့နှင့် ရှင်မုတ္ထီး လူငယ်မောင်မယ်အဖွဲ့(၁)တို့အား လည်းကောင်း၊ တိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး ဦးသိန်းလွင်နှင့် ဇနီးတို့က ဂုဏ်ပြုဆုရ ရှင်မုတ္ထီးလူငယ်မောင်မယ် အဖွဲ့(၂)နှင့် ယဉ်ကျေးမှုမောင်သံချပ် အဖွဲ့တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် ဇနီးတို့က တတိယဆုရရှိသည့် ပိတောက်ဝါပွင့်သောအတာယိမ်းအဖွဲ့နှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်ဝင်းနှင့် ဇနီးတို့က ဒုတိယဆုရရှိသည့် တက္ကသိုလ်ပိတောက်မေယိမ်းအဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဇနီး ဒေါ်ကေရီခိုင်တို့က ပထမဆုရရှိသည့် မီးအိမ်ရှင်အလှယိမ်းအဖွဲ့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီး ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ပိတ်သိမ်းကြောင်း ကြေညာပြီး ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခို သီချင်းဖြင့် နှုတ်ဆက်ကာ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်သိမ်းကြောင်း ကြေညာစဉ်။ (သတင်းစဉ်)

နှစ်ဆန်းတစ်ရက်နေ့၌ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ အလှူငွေများလှူဒါန်း၊ ကုသိုလ်ကောင်းမှုများဆောင်ရွက်

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၌ ယနေ့ နံနက် ၇ နာရီမှစ၍ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မိသားစုများ၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် သာသနပါလ စနေဝတ်အသင်းဝင်များ၊ သာကီနွယ်ကုမ္ပဏီမှ ဝန်ထမ်းမိသားစုများက ဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်းညှပ်ပေးခြင်းစသည့် တစ်ကိုယ်ရေ သန့်ရှင်းရေးများဆောင်ရွက်ပေးကြပြီး အဘိုးဆောင်၊ အဘွားဆောင်များနှင့် အဘိုးအဘွားများ၏ ဆေးရုံသန့်ရှင်းရေးများကို ကုသိုလ်ယူဆောင်ရွက်ပေးကြသည်။

ထို့အတူ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေ ကျောင်းသားဟောင်းများနှင့် တက္ကသိုလ်မိသားစုများက (၃၄)ကြိမ်မြောက် အလှူပွဲအဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး ဆေးရုံအတွက် အောက်ဆီဂျင်စက်နှင့် သွေးတိုင်းကိရိယာများအတွက် ငွေကျပ် ခုနစ်သိန်းနှင့် ဘိုးဘွား ၁၉၈ ဦးတို့အား အလှူငွေများ ဂါရဝပြုလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၇

နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက် ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်း ငွေတောင်တောရစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီထံမှ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ပရိဝုဏ်ရှိ မာလိနီမင်္ဂလာရေကန်တော်၌ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန (ဘေးမဲ့သက်လွှတ်) မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် ပရိသတ်တို့က သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်ရှိ မာလိနီ မင်္ဂလာရေကန်တော်၌ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန (ဘေးမဲ့သက်လွှတ်) မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ မင်္ဂလာဆိုင်းဘုတ်ကိုင်နှင့် သာသနာ့အလံကိုင် ဥပါသကာများ၊ ပရိတ်ရေပက်ဖျန်းပေးမည့် စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဦးဆောင်၍ ဝန်ကြီးဌာနများမှ ဝတ်အသင်း ၃၇ သင်း၊ နေပြည်တော်တပ်နယ်မှ ဝတ်အသင်းခုနစ်သင်းနှင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဝတ်အသင်းသုံးသင်း စုစုပေါင်း ဝတ်အသင်း ၄၇ သင်းတို့မှ ဝတ်အသင်းသူများက အတာအိုးများကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်းမှ ယူဆောင်ကြကာ မာလိနီ မင်္ဂလာရေကန်တော်၌ နေရာယူကြသည်။

ထို့နောက် နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက မင်္ဂလာရေကန်တော်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြပြီး ငါးများကို မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ လွှတ်၍ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန ကုသိုလ်မင်္ဂလာဆောင်ရွက်ကြပြီး ပရိသတ်ကလည်း ငါးများကိုလွှတ်၍ ကုသိုလ်ပြုကြသည်။

(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

ရဟတ်ယာဉ်ဖြင့် နေပြည်တော်ဝန်းကျင် လှည့်လည်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်

ပြည်တွင်းသတင်း စာမျက်နှာ ၁

၁၃၇၄ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နိုင်ငံတစ်ဝန်း၌ ဘုရားဖူးပြည်သူများနှင့် ကုသိုလ်ကောင်းမှုပြုသူများ အထူးစည်ကား

ဓာတ်ပုံမြင်ကွင်း စာမျက်နှာ ၇

ကေအိုင်အေ တပ်ဖွဲ့ဝင် ၄၂ ဦး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

ပြည်တွင်းသတင်း စာမျက်နှာ ၅

ထိုင်းရိုးရာ ဆွန်ခရန်ပွဲတော်ကာလ ယာဉ်မတော်တဆမှုကြောင့် ၂၈၂ ဦး သေဆုံး

နိုင်ငံတကာသတင်း စာမျက်နှာ ၆

မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် မှုခင်းဖြစ်ပွားမှု၊ သေဆုံးဒဏ်ရာရရှိမှု နည်းပါး

ပြည်တွင်းသတင်း စာမျက်နှာ ၅

နှစ်ဆန်းတစ်ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

နေပြည်တော် ဧပြီ ၁၇

ယနေ့သည် ၁၃၇၃ ခုနှစ် နှစ်ဟောင်းလွန်မြောက်၍ ၁၃၇၄ ခုနှစ် နှစ်သစ်ဦးဖြစ်သည့် နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ အတာသင်္ကြန်ရေစင်ဖြင့် နှစ်ဟောင်းမှအညစ်အကြေးများကို ဆေးကြောသန့်ရှင်းစင်ကြယ်စေပြီး နှစ်ဆန်းတစ်ရက် ယနေ့တွင် ရှေးထုံးစဉ်လာမပျက် ဘုရား၊ ကျောင်း၊ ကန်များသို့သွားရောက်၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ဘာဝနာတရားပွားများအားထုတ်ခြင်း၊ အလှူဒါန ပြုခြင်း၊ ဇီဝိတဒါနတိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း၊ သက်ကြီးဘိုးဘွားမိဘများအား ပူဇော်ကန်တော့ခြင်း စသည့် ကောင်းမှုကုသိုလ်များကိုပြုလုပ်ကြရာ နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းတို့ပြုလုပ်သူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ သို့